တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ (၂၃-၁၀-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဦးအောင်မြသန်း၊ ညောင်တုန်း မဲဆန္ဒနယ်**က ညောင်တုန်းမြို့၏ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်းတမံ/နံရံများအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်း ပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကမ်းထိန်းတမံ အလျား ၂၅၀ ပေ တည်ဆောက်ခြင်းနှင့် ရေလွှဲရေကာ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းထိန်းတမံများအား နှစ်အလိုက် လျာထား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဦးတင်ဌေး၊ ကသာ မဲဆန္ဒနယ်**က အခြားအခွန်များအပြင် ကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့ ကောက်ခံလျက်ရှိကြောင်း သိရှိလိုခြင်း မေးမြန်းပါသည်။	**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**က ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကို လက်ရှိအချိန်ထိ တိုးမြှင့်ခြင်းမပြုဘဲ အခွန်ထမ်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် အခွန်အခြေချဲ့ထွင်ခြင်းဖြင့် အခွန်ရငွေတိုးတက်စေရေးကိုသာ ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၃	**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ် မဲဆန္ဒနယ်**က မိုင်းခတ်မြို့နယ်၊ ခြောက်ထပ်ကွေ့တောင်လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ ဆက်သွယ်သော အားခေဝမ်ကောင်းမြေသားလမ်းအား အဆင့်တိုးမြှင့်ခင်းပေးခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**နယ်စပ်ရေးရာဝန်ကြီးဌာန**က လမ်းပိုင်းများအနက် အတက်အဆင်းမတ်စောက်သည့် မြေသားလမ်း ၁ မိုင် ၄ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန်၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၄	**ဦးမောင်ရွှေ၊ လွိုင်ကော် မဲဆန္ဒနယ်**က လွိုင်ကော်မြို့နယ်၊ သာယုရွာမှ နန်းနောက်ရွာအထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာအထိနှင့် နန်းနောက်ရွာမှ ရှမ်းပြည်နယ် နယ်စပ်ထိ မြေသားလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**နယ်စပ်ရေးရာဝန်ကြီးဌာန**က လတ်တလော လုံခြုံရေးကန့်သတ်မှုအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေး ကောင်းမွန်မှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၅	**ဦးစိုးဝင်း၊ မြို့သစ် မဲဆန္ဒနယ်**က တောင်တွင်း-မြို့သစ် ကားလမ်းမနှင့် ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ)အနီး ကားလမ်းမှ ထနောင်းကွင်းကျေးရွာအထိ လမ်းအား အဆင့်မြှင့် တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိသိရှိလိုခြင်း မေးမြန်း ပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က အမာခံလမ်း ၁ မိုင် ကျောက်ခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများအား အဆင့်မြှင့်တင်ရန် နှစ်အလိုက် လျာထားသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၆	**ဦးအောင်မြင့်သန်း၊ ကျောက်ဆည် မဲဆန္ဒနယ်**က ကျောက်ဆည်-တံစိုး- ကျောက်ဆောက်ကုန်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် လမ်းအရှည် ၄ ဖာလုံ ကတ္တရာခင်းခြင်းနှင့် Box Culvert ၃ စင်း တည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၇	**ဒေါ်ခင်သန်းမြင့်၊ ပေါတော မဲဆန္ဒနယ်**က ငပုတောမြို့နယ်၊ ဆောက်လုပ်ရေး လမ်း/တံတားများအတွက် ရန်ပုံငွေများအား ပိုမိုခွဲဝေ ချထားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့မှ ကျပ် ၄၈၅၂ သန်း ခွဲဝေပေးထားပြီး လမ်း/တံတားတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၈	ဦးသန်းထွန်း၊ ပုသိမ် မဲဆန္ဒနယ်က **"နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** တင်သွင်းပါသည်။	ယင်းအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ် အမည်စာရင်းအား (၂၉-၁၀-၂၀၂၆)ရက်နေ့ နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။